# အမျိုးသမီးဆိုင်ရာ အချက်အလက်

**မတ်လ ၂၀၂၅ခုနှစ်**

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် အင်အား ရစ်ချ်တာစကေး ၇.၇ ရှိ မြေငလျင်ကြီးတစ်ခု လှုပ်ခတ်ခဲ့သည်။ ထိုငလျင်ကြောင့် လူပေါင်း (၃၆၄၉) ဦးသေဆုံးပြီး၊ ဒဏ်ရာရရှိသူ (၅၀၁၈) ဦးနှင့် ပျောက်ဆုံးနေသူ (၁၄၅) ဦးရှိကြောင်း၂၀၂၅ ခုနှစ် ဧပြီလ ၁၀ ရက်နေ့ သတင်းအရသိရသည်။ ပြည်သူများသည် ငလျင်ဒဏ်ကြောင့် ပူဆွေးသောက ရောက်နေသော်လည်း အကြမ်းဖက် စစ်အုပ်စုသည် အမျိုးမျိုးသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို နည်းမျိုးစုံဖြင့် ပြောင်ပြောင်တင်းတင်း ဆက်လက်ကျူးလွန် နေခြင်းကြောင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် နေ့စဥ်နှင့်အမျှအသက်ဆုံးရှုံးနေရသည်။

**သေဆုံးသူ**



၆၆

**ထိခိုက် ဒဏ်ရာရရှိသူ**



၁၁


မတ်လအတွင်း၌လည်း အမျိုးသမီး သေဆုံးမှု ဆက်လက်မြင့်တက် လျက်ရှိသည်။ မတ်လ (၁) ရက်နေ့မှ (၃၁) ရက်နေ့အတွင်း အမျိုးသမီး (၆၆) ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ယခုဖော်ပြပါ အချက်အလက်များသည် တိကျခိုင်လုံသော သတင်းမီဒီယာများ၏ သတင်းအချက်အလက်များကို စောင့်ကြည့်မှတ်တမ်းတင်မှုများအပြင် မြေပြင်မှ အချက်အလက်ကောက်ယူထားမှုများကို ပြန်လည် စုစည်းတင်ပြထားခြင်း ဖြစ်သည်။ သို့သော် လက်တွေ့မြေပြင်အခြေအနေတွင် မိမိတို့အနေဖြင့် ဒေတာနှင့် သတင်းအချက်အလက်များကို လက်လှမ်းမီနိုင်ရန် အခက်ခဲများစွာ ရှိသဖြင့် ကိန်းဂဏန်းများသည် မြေပြင်၌ ယခုထက်ပို၍ များနိုင်ပါသည်။


မြန်မာ့အမျိုးသမီးသမဂ္ဂ

https://www.facebook.com/burmesewomensunion

https://burmesewomensunion.org


# အမျိုးသမီး သေဆုံးသူအရေအတွက်နှင့် ထိခိုက်ဒဏ်ရာရရှိသူအရေအတွက်




မြန်မာ့အမျိုးသမီးသမဂ္ဂအနေဖြင့် သတင်းမီဒီယာများမှ အချက်အလက် စောင့်ကြည့်လေ့လာ မှတ်တမ်းတင်ထားမှုများ အရ ၂၀၂၅ ခုနှစ် မတ်လအတွင်း နိုင်ငံတစ်ဝှမ်း အမျိုးသမီး (၆၆)ဦး အသက်ဆုံးရှုံးခဲ့သည်။ ထို့ကဲ့သို့ အသက်ဆုံးရှုံးခဲ့ရသည့်အကြောင်းရင်းများမှာ အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် (၅၀) ဦး၊ ပြည်သူများ၏ ရွာနှင့်နေအိမ်များအား ပစ်မှတ်ထားလက်နက်ကြီးပစ်ခတ်မှုကြောင့် (၅) ဦး၊ မြေမြှုပ်မိုင်းကြောင့် (၂) ဦး၊ အကြမ်းဖက်စစ်တပ်၏ သတ်ဖြတ်မှုကြောင့် (၇) ဦး၊ မီးရှို့သတ်ဖြတ်မှုကြောင့် (၁) ဦး၊ နှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကြောင့် (၁) ဦး တို့ ဖြစ်ကြသည်။ အဆိုးဆုံးမှာ သေဆုံးသူအားလုံးထဲမှ ၂၄ ဦးသည် အသက် (၁၈) နှစ်အောက် အမျိုးသမီးငယ်များ ဖြစ်ကြသည်။ ထို့အပြင် အမျိုးသမီးပေါင်း (၈၈) ဦးလည်း ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့သည် အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် (၄၉) ဦး၊ လက်နက်ကြီးပစ်ခတ်မှုကြောင့် (၂၃) ဦး၊ မြေမြှုပ်မိုင်းကြောင့် (၁၅) ဦး၊ နှင့် အကြောင်းမဲ့ ရိုက်နှက်ခံရခြင်းကြောင့် (၁) ဦးတို့ ဖြစ်ကြသည်။


မြန်မာ့အမျိုးသမီးသမဂ္ဂ
https://www.facebook.com/burmesewomensunion
https://burmesewomensunion.org

# တိုင်းနှင့် ပြည်နယ်အလိုက် အမျိုးသမီးသေဆုံးမှုပြ မြေပုံ




မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အချက်အလက်ကောက်ယူ မှတ်တမ်းတင်မှုများအရ ၂၀၂၅ ခုနှစ် မတ်လ အတွင်း အသက်ဆုံးရှုံးခဲ့သည့် အမျိုးသမီးဦးရေသည် မကွေးတိုင်းဒေသကြီးမှ (၁၅) ဦး၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးမှ (၁၂) ဦးစီ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ (၉) ဦး နှင့် ပဲခူးတိုင်းဒေသကြီးမှ (၇) ဦးတို့ ဖြစ်ကြပြီး မကွေးတိုင်းဒေသကြီးသည် ၂၀၂၅ ခုနှစ် မတ်လ အတွင်း အမျိုးသမီး သေဆုံးမှု အများဆုံး တိုင်းဒေသကြီး ဖြစ်သည်။

မြန်မာ့အမျိုးသမီးသမဂ္ဂ
https://www.facebook.com/burmesewomensunion
https://burmesewomensunion.org